dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့ ``*How Far Is Burma Reformed?*`` ဖြစ်ပါတယ်။

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ ``မြန်မာ့အပြောင်းအလဲ ဘယ်အထိ ခရီးပေါက်ပြီလဲ``ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

၂၀၁၀ အထွေထွေ ရွေးကောက်ပွဲတွင် ကြိုတင်မဲများဖြင့် အမတ်နေရာအများစု အနိုင်ရခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ မြန်မာသမ္မတသစ်၏ (မြန်မာ့နိုင်ငံရေးသစ်) မြန်မာသစ် ဟန်နီးမွန်းခရီးမှသည် အပြောင်းအလဲများ တွေ့ခဲ့ရသည်ဟု မြန်မာ့နွေဦးစောင့်ကြည့် လေ့လာသူများက ကြိုဆိုခဲ့ကြသည်။

သမ္မတဦးသိန်းစိန်၏ သမ္မတသက်တမ်းအစပိုင်း ပြောင်းလဲမှုခရီးစဉ်က မျက်မှောက်အခြေအနေတွင် တစ်ထောက်နားခဲ့ပြီလား သို့တည်းမဟုတ် ရပ်တန့်သွားခဲ့ပြီလားဟု မေးစမ်း သုံးသပ်မှုများ ရှိနေသလို နောက်ကြောင်းပြန်လှည့်နိုင်ခြေ ရှိ/မရှိကိုလည်း တွေးဆ ပူပန်လာကြသည်။

မြန်မာ့အပြောင်းအလဲ ဘယ်အထိ ခရီးပေါက်ပြီလဲဆိုသည်ကို မည်သည့်ပေတံ၊ မည်သည့်စံနှုန်းမျိုးနှင့် တိုင်းတာကြပါမည်နည်း။ နိုင်ငံတကာစံနှုန်းများအတိုင်း တိုင်းတာကြည့်ရှုလိုသူများ ရှိသကဲ့သို့ ကိုယ့်ပေတံနှင့်ကိုယ် တိုင်းမည်ဟု ဆိုသူများကလည်း ရှိနေပါသည်။

အမေရိကန်သမ္မတ အိုဘားမား မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် သမိုင်းဝင်ခရီးစဉ်အဖြစ် လာရောက်ခဲ့စဉ် ၂၀၁၂ က သမ္မတဦးသိန်းစိန်က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီကို အကျဉ်းထောင်များအတွင်း ဝင်ရောက်လေ့လာခွင့်ပြုရေး၊ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်နာ မင်းကြီးရုံး ဖွင့်ခွင့်ပြုရေး၊ စစ်အစိုးရလက်ထက် အမည်ပျက်စာရင်းသွင်းခံထားရသူများအား နိုင်ငံတွင်း ပြန်လည်ဝင်ထွက်ခွင့်ပြုရေး၊ လက်ကျန်နိုင်ငံရေးအကျဉ်းသားများအား စိစစ်ပြီး ပြန်လွှတ်ပေးရေး၊ ကချင်ပြည်နယ်မှ စစ်ပွဲများ အပစ်အခတ်ရပ်စဲရေး၊ တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးပြီး နိုင်ငံရေးအရ အဖြေရှာရေး၊ ရခိုင်ပြည်နယ်မှ ပဋိပက္ခများကို ထိရောက်စွာ ဖြေရှင်းပေးရေး၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများသို့ နိုင်ငံတကာအကူအညီ အထောက်အပံ့များ ဝင်ခွင့်ပြုရေး၊ ကုလသမဂ္ဂ နျူကလီးယားထိန်းချုပ်ရေး သဘောတူညီမှုတွင် လက်မှတ်ရေးထိုး ပါဝင်နိုင်ရေး၊ မြောက်ကိုရီးယားမှ လက်နက်ဝယ်ယူမှု ရပ်တန့်ရေး၊ ပိုမိုပွင့်လင်းပြီး တာဝန်ယူမှုရှိသည့် အစိုးရတည်ဆောက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး စသည့် အကြောင်းအရာ ၁၁ ခုကို ကတိပြုခဲ့သည်။

လက်ရှိ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ခရီးစဉ်တွင် အဖြေမရသေးသည့် ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ ကမ္ဘာ့ဇာတ်ခုံပေါ် သို့ပါ ရောက်ရှိသွားသည့် ရခိုင့်အရေး၊ မြေယာပြဿနာ၊ အခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး၊ မျိုးစောင့်ဥပဒေ စသည့် ပြဿနာစုံက မှိုလိုပေါက်နေပါသည်။ ယခုအခါ ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေးကို နောင်လာမည့် လွှတ်တော်သက်တမ်းမှသာ အတည်ပြုမည်ဖြစ်ပြီး ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို ၂၀၀၈ ခွင်အတိုင်းသာ ကျင်းပသွားမည်ဟု ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက တရားဝင်ပြောကြားခဲ့သည်။

နိုင်ငံရေးအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်း၊ လူမှုရေးအကျပ်အတည်းများ မလျော့ကျသေးသည့် မြန်မာနိုင်ငံတွင် `` မြန်မာ့အပြောင်းအလဲ ဘယ်အထိ ခရီးပေါက်ပြီလဲ ´´ DVB Debate ကို နေပြည်တော်အထူးအစီအစဉ်အဖြစ် တင်ဆက် ရိုက်ကူးသွားမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်းက ပါဝင် ဆွေးနွေး ငြင်းခုံ အဖြေရှာကြည့်နိုင်ပါသည်။ အားလုံးကို လေးနက်စွာ ကြိုဆိုပါသည်။

## သူတို့အမြင်

"မြန်မာပြည်ရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ဟာ အရှေ့ကို သွားနေတယ်လို့ ကျွန်မ မထင်ပါဘူး။ နောက်ပြန်ဆုတ်တယ်ဆိုတာလည်း ကျွန်မ မမြင်ပါဘူး။ ဒါပေမဲ့ သေချာတာ တစ်ခုက စတင်ခြင်းအတွက် ရပ်တန့်နေတယ်လို့ ထင်တယ်" **ဒေါ်အောင်ဆန်းစုကြည်** - မြန်မာ့ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားမှု လူထုခေါင်းဆောင်။

"မြန်မာ့ဒီမိုကရေစီကာလဟာ နုနယ်နေသေးတဲ့ အချိန်ဖြစ်တာကြောင့် တခြားနိုင်ငံတွေရဲ့ အကူးအပြောင်းကာလလိုပဲ စိန်ခေါ်မှုတွေ အများကြီးကို ရင်ဆိုင်နေရတာကြောင့် မြန်မာအစိုးရအနေနဲ့ အကန့်အသတ်အင်အားနဲ့သာ လုပ်ဆောင်နေရပါတယ်"
**ဦးဝဏ္ဏမောင်လွင်** - နိုင်ငံခြားရေးဝန်ကြီး။

"ရွေးကောက်ပွဲကျင်းပရုံနဲ့ ဒီမိုကရေစီနိုင်ငံ မဖြစ်နိုင်ပါဘူး။ ပြုပြင်ပြောင်းလဲဖို့က အဓိကကျတယ်။ ၂၀၁၅ မတိုင်မီ ဖွဲ့စည်းပုံ လုံးဝ မပြင်ဘူးဆိုတော့ ရွေးကောက်ပွဲအတွက် ပြုပြင်ပြောင်းလဲရေးကို လိုလားတဲ့ လူတစ်ယောက်အနေနဲ့ အတော်ကို စိတ်ပျက်မိတယ်"
**ဦးအေးသာအောင် -** သဘာပတိ၊ တိုင်းရင်းသားလူမျိုးစုများ မဟာမိတ်အဖွဲ့။

"ကျွန်တော်တို့အနေနဲ့ အပြောင်းအလဲတွေက ခက်ခဲတယ်ဆိုတာကို သဘောပေါက်ပါတယ်။ ပြီးတော့ အမြဲတမ်း လမ်းကြောင်းအဖြောင့်အတိုင်း မသွားနိုင်ဘူးလေ။ ကြိုးကြိုးစားစား လုပ်ဆောင်ရမယ့်ကိစ္စတွေ ရှိနေသေးတယ်ဆိုတာ မြင်သာနေပါတယ်" **အိုဘားမား -** အမေရိကန်သမ္မတ။

**Information links:**

http://www.thevoicemyanmar.com
http://www.7daydaily.com
http://dvbdebate.net/
htt://www.youtube.com/miliwebtv